ကျွန်တော်သည် ဆေးပညာသင်ကြားရေးလောကတွင် နှစ်ပေါင်း နှစ်ဆယ်ကျော် ကျင်လည်ကျက်စားခဲ့ပြီး ဖြစ်ပါသည်။ ဆေးတက္ကသိုလ် (၁)၊ ဆေးတက္ကသိုလ် (၂)၊ ဆေးတက္ကသိုလ်–မန္တလေး၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ် များတွင် ရောဂါဗေဒဘာသာရပ် သင်ကြားပို့ချခဲ့ရာ ယခုခေတ် ကျောင်းသားလူငယ်များ၏ အခက်အခဲကို ကောင်းစွာ နားလည်သဘောပေါက်ခဲ့ရပါသည်။ ဆေးပညာဝေါဟာရများသည် အင်္ဂလိပ်စာပေဝေါဟာရစစ်စစ်မဟုတ်ဘဲ ဂရိစ်၊ လက်တင်ဝေါဟာရများမှ ဆင်းသက်လာခြင်းဖြစ်ရာ သာမန်အင်္ဂလိပ်စာ ဖတ်ရှုမှုဖြင့် ရှင်းလင်းစွာသဘောပေါက်ရန် မဖြစ်နိုင်ပါ။ ဆရာဦးစိန်ဝင်း၏ စာအုပ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် ဆေးပညာဝေါဟာရများကို အခြေခံတည်ဆောက် ပုံနှင့်တကွ ဝေါဟာရအရင်းအမြစ်တို့ကိုပါ နားလည်သဘောပေါက်မည် ဖြစ်ပါသည်။

ပါမောက္ခဦးအောင်ကြိုး

ထိုစဉ်ကတည်းက ဆရာ့စာမူများ စာတစ်အုပ်ဖြစ်လာခဲ့ပါက အကျိုးရှိပေအံ့ဟု မိမိစိတ်ကူးယဉ်ဖူး၏။ ဆရာ တွင်လည်း အလားတူရည်ရွယ်ချက်ရှိပုံရ၏။ ဆရာ့အားထုတ်မှုသည် ဆေးပညာဝေါဟာရများကို အဘိဓာန်တစ်အုပ်ပမာ အဓိပ္ပာယ်ဖွင့်ပေးခြင်းမဟုတ်။ ဆေးပညာဝေါဟာရတို့အပြင် နီးနွယ်ရာ ဘာသာရပ်များအတွက် စကားလုံးအရင်းအမြစ် များကို ဆစ်ပိုင်းပြ၏။ တစ်ခုချင်းမှ တစ်စုတစ်ဝေး၊ တစ်လုံး၊ တစ်ကြောင်းဖြစ်လာသောအခါ အနက်ဖွင့်ပုံကွန်ချက်ကို ပြ၏။ ထိုကွန်ချက်ဖြင့် ဆေးပညာဝေါဟာရများ၏ အသုံးချဗေဒကိုပြ၏။ ဆေးညွှန်းစာရေးရာတွင်သုံးသော အတိုကောက် ဝေါဟာရများကိုလည်း ပြည့်စုံစွာဖော်ပြပါသည်။ အချို့ဆိုပါက ရှေးကျလွန်းသဖြင့် ယခုသမားတော်ပေါက်စဆိုလျှင် သုံးဖူး၊ ညွှန်းဖူး၊ မြင်ဖူးအံ့မထင်။ ထို့အတူ လူနာမှတ်တမ်း၊ လူနာလွှဲစာများတွင် မိမိတို့ဆရာဝန်များ သုံးလေ့ရှိ သည့် သင်္ကေတများကိုလည်း ဖော်ပြထားပါသည်။

ယခု ဆရာဦးစိန်ဝင်း ကြိုးပမ်းအားထုတ်ထားသော စာစုများသည် ဆေးပညာလောကတွင်ရော၊ မြန်မာစာပေ လောကဥ္စပါ မတွေ့ရဖူးသေးသော စာစုအမျိုးအစား အသစ်တစ်ရပ်ဖြစ်ပါသည်။ ဤစာစုများသည် လူ၊ တိရစ္ဆာန် ပြုစုကုသစောင့်ရှောက်ရသောပညာ၊ ထိုပြုစုကုသစောင့်ရှောက်မှုကို အထောက်အကူဖြစ်စေသောပညာ၊ နီးနွယ်ရာပညာ များကို အပတ်တကုတ် ကြိုးစားသင်ယူနေကြသော အသက်မွေးဝမ်းကျောင်းပညာရှင်များ ဆောင်ထားသင့်ကြသည် မရှိမဖြစ်စာစုများ ဖြစ်ကြပါသည်။

လင်း(ဆေး-၁)